# အရပ်ဖက်လူမှုအဖွဲ့အစည်းများထံသို့ရန်ပုံငွေပေးအပ်ရန် လျှောက်လွှာများခေါ်ယူခြင်း

## ၁။ နောက်ခံအကြောင်းအရာ

လက်ရှိအခြေအနေတွင် COVID-19 ရောဂါဘေးနှင့် နိုင်ငံရေးအကြပ်အတည်းကြုံတွေ့နေရသည့် အခက်အခဲများကြောင့် မြန်မာနိုင်ငံရှိ LGBTQIA+ များအနေဖြင့် ရှိနှင့်ပြီးဖြစ်သော အတားအဆီးနှင့်စိန်ခေါ်မှုများ ပိုမိုဆိုးဝါးသထက် ဆိုးဝါးလာနေသည်ကို UNFPA မြန်မာ မှ သတိပြုမိပါသည်။ LGBTQIA+ များကို ပံ့ပိုးပေးရာတွင် လူထုနှင့်အနီးကပ် ရှိနေသော အရပ်ဖက်အဖွဲ့အစည်းများ၏ အဓိကကျသော အခန်းကဏ္ဍ ကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ LGBTQIA+ အရပ်ဖက်အဖွဲ့အစည်းများ၏ဝန်ဆောင်မှုများ အဆက်မပြတ်စေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း ၊ DFAT ၏ပံ့ပိုးမှုဖြင့် LGBTQIA+အရပ်ဖက်အဖွဲ့အစည်းများအတွက် ရန်ပုံငွေလျှောက်လွှာများ လျှောက်ထားနိုင်သည့် အခွင့်အရေးတစ်ရပ်ကို UNFPA မြန်မာက ဖွင့်လှစ်လိုက်ပါသည်။

## ၂။ ရန်ပုံငွေအကြောင်းအထွေထွေ

ရန်ပုံငွေများကို ထိခိုက်လွယ်လူအုပ်စုဖြစ်သည့် LGBTQIA+ များ၏ လတ်တလော အရေးတကြီးလိုအပ်ချက်များ ပြည့်မီနိုင်ရန် ကြိုးပမ်းသည့် ဆောင်ရွက်ချက်မျိုးစုံအတွက် ပေးအပ်သွားမည်ဖြစ်ပါသည်။ LGBTQIA+များ ဦးဆောင် သည့်အဖွဲ့အစည်းများနှင့် LGBTQIA+ များကို ဦးတည်ဆောင်ရွက်သည့် အဖွဲ့အစည်းများထံ ပေးအပ်သွားရန် ရည်ရွယ် ပါသည်။ ရန်ပုံငွေပံ့ပိုးမှုကို ညီညီနှိုင်းနှိုင်း လုပ်ဆောင်ပေးသွားမည် ဖြစ်ပါသည်။ လက်ရှိဆောင်ရွက်ချက်များအပြင် ဆန်းသစ်သည့် ကနဦးဆောင်ရွက်ချက်များကိုလည်း ဖော်ပြလျှောက်ထားရန် ဖိတ်ခေါ်လိုပါသည်။

## ၃။ လျှောက်ထားနိုင်သည့်အဖွဲ့အစည်းများ

- LGBTQIA+ များ ဦးဆောင်သော (သို့မဟုတ်) LGBTQIA+ များထံဦးတည်သော အကျိုးအမြတ်မယူသည့် လူထု အခြေပြုအဖွဲ့အစည်းများ။
- လက်ရှိတွင် UNFPA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့အစည်းများနှင့် တစ်ဆင့်ရန်ပုံငွေရရှိထားသော အရပ်ဖက်အဖွဲ့အစည်းများ အကျုံးမဝင်ပါ။
- လက်ရှိတွင် UNFPA ထံမှ တိုက်ရိုက်ရန်ပုံငွေ ရရှိနေသော အဖွဲ့အစည်းများ ထပ်မံလျှောက်ထားခွင့်မရှိပါ။

## ၄။ ရန်ပုံငွေပံ့ပိုးရန် လျာထားသည့် က□များ

သင့်လျော်သည့်ဆောင်ရွက်ချက်များကို အောက်တွင်ဖော်ပြထားပါသည်။ ဖော်ပြထားသည်များသာ ဖြစ်ရမည်ဟု မဆိုလိုပါ။

- လုံခြုံရေးနှင့်ဘေးကင်းစေရေးဆိုင်ရာ ဆောင်ရွက်ချက်များ (ဥပမာ။ #အကြမ်းဖက်မှုအမျိုးမျိုးမှ ထွက်ပြေးတိမ်းရှောင်လာသည့် LGBTQIA+ များအတွက် လုံခြုံသည့်အိမ်များ စီစဉ်ပေးခြင်း။)

- အသက်မွေးဝမ်းကျောင်းမှုထူထောင်နိုင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ (ဥပမာ။ ။အရေးပေါ်ငွေသား ထုတ်ပေးခြင်း၊ အစားအစာမဟုတ်သော ပစ္စည်းများ ဝေငှခြင်း/ဖြန့်ဖြူးခြင်း၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စွမ်းရည်ဖြည့် သင်တန်းများ/အလုပ်ရုံဆွေးနွေးပွဲများ။)
- စိတ်ပိုင်းဆိုင်ရာနှင့် စိတ်လူမှုပိုင်းဆိုင်ရာဆောင်ရွက်ချက်များ ( စိတ်ပိုင်းဆိုင်ရာ Counselling ပေးခြင်း၊ စိတ်ဖိစီးနေသူ/စိတ်ကျန်းမာရေးပြဿနာကြုံနေရသူတို့အတွက် အစားအစာအပါအဝင် လက်ငင်းဝန်ဆောင်မှုအမျိုးမျိုး ပေးသည့်နေရာများ။)
- လိင်မှုဆိုင်ရာကျန်းမာရေးနှင့် ရင်းနှီးကျွမ်းဝင်မှု ( လူငယ်များအတွက် ပြီးပြည့်စုံသော လိင်မှုဆိုင်ရာ ပညာပေး ကျောင်းပြင်ပသင်ရိုးများ သင်ကြားပေးခြင်း၊ သင်ထောက်ကူများထုတ်ဝေခြင်း၊ ကောင်းမွန်သော ဆက်ဆံရေးများ အတွက် အကြံပေးခြင်း/ Counselling ပေးခြင်း၊ လိင်မှုဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများပေးအပ်ခြင်း။)
- LGBTQIA+ သီးသန့်ဝန်ဆောင်မှုများပေးအပ်ခြင်း (သို့မဟုတ်) ဝန်ဆောင်မှုလိုအပ်ချက်ဖော်ထုတ်ခြင်း၊ လွှဲပို့ရမည့် ကွန်ရက်များချိတ်ဆက်ထုတ်ဖော်ခြင်း။

ဖော်ပြခဲ့သည်များမှာ ဥပမာသာဖြစ်ပါသည်။ LGBTQIA+ များ၏ သာယာဝပြောရေးကို တိုးတက်လာစေရန် ရည်ရွယ်သည့် ဆောင်ရွက်ချက်များဖြစ်ဖို့လိုအပ်ပါသည်။ လုပ်ငန်းအစီအစဉ်အောင်မြင်နိုင်ခြေရှိသည့် လျှောက်လွှာတင်သူ အဖွဲ့အစည်း များနှင့်အတူ UNFPA မြန်မာဘက်မှ စိတ်ကူးစိတ်သန်းများ အတူတကွဖော်ထုတ်ရန် လိုလားပါသည်။ ရေရှည်တည်တံ့ နိုင်သောဆောင်ရွက်ချက်များဖြစ်ကြောင်း သက်သေပြနိုင်သည့် လုပ်ငန်းအစီအစဉ်များမှာ ပိုမိုအလေးထားစဉ်းစားနိုင် ဖွယ်ရာ ရှိပါသည်။

စီမံကိန်းကာလမှာ **အကြာဆုံး ၁၂ လ** အထိ လျှောက်ထားနိုင်ပါသည်။

## ၅။ လျှောက်လွှာတင်ရန်

ထောက်ပံ့ရန်လိုအပ်ချက်၊ အရေးယူဆောင်ရွက်မှုအစီအစဉ်၊ ယခင်လုပ်ငန်းအတွေ့အကြုံ၊ ဦးတည်လူအုပ်စု၊ အရေးယူ ဆောင်ရွက်မှုတစ်ခုချင်းအတွက် ခန့်မှန်းလျာထားငွေ ၊ အကောင်အထည်ဖော်မည့်ကာလ နှင့် ( ရှိခဲ့ပါက) တွဲဖက် အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ စသော အချက်အလက်များပါဝင်သည့် လျှောက်လွှာကို ရေးသားကာ ပေးပို့ပေးရပါမည်။

ဖော်ပြထားသော အချက်အလက်များပေးအပ်ရာတွင် အသုံးပြုနိုင်ရန် နမူနာ ဇယားကို ပူးတွဲပါဖိုင်တွင်ကြည့်ပါ။

မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်။ eoi.myanmar@unfpa.org သို့ပေးပို့ကာ လျှောက်ထားနိုင်ပါသည်။

## ၆။ လျှောက်ထားနိုင်သည့်နောက်ဆုံးရက်

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နေ့။

## ၇။ ရွေးချယ်ခြင်း

ရန်ပုံငွေချထားခြင်းနှင့်ထောက်ပံ့မှုလုပ်ငန်းစဉ်များ မြန်မြန်ဆန်ဆန်စီးဆင်းနိုင်ရေးအလို့ငှာ UNFPA မှ ကော်မတီတစ်ရပ်ဖွဲ့စည်းကာ ရန်ပုံငွေလျှောက်လွှာများကို စိစစ်သွားမည်ဖြစ်ပါသည်။ ရှင်းလင်းချက်များ သို့မဟုတ် ပြည့်စုံသည့်သတင်းအချက်အလက်များရရှိရန် လျှောက်ထားသူများထံ ဖုန်းဖြင့်လည်း (လိုအပ်သလို) ပြန်လည် ဆက်သွယ်လာနိုင်ပါသည်။ ဖုန်းခေါ်ဆိုမှုကို လုံခြုံရေးမထိခိုက်စေရန် သေချာစွာ သတိထားဆောင်ရွက် သွားမည် ဖြစ်သည်။

**၈။ ရန်ပုံငွေချထားမှု**

ရန်ပုံငွေပေးအပ်ရန် ဆုံးဖြတ်ချက်ကျသည်နှင့် တစ်ပြိုင်နက် လျှောက်ထားသည့်အဖွဲ့အစည်းများနှင့် UNFPA အကြား ရန်ပုံငွေဆိုင်ရာ သဘောတူညီချက်ရေးထိုးမည်ဖြစ်သည်။ ၎င်းသဘောတူညီချက်ရေးထိုးပြီးမှုပေါ်မူတည်ကာ ရန်ပုံငွေများကို တစ်လုံးတစ်ခဲတည်း ပေးအပ်သွားမည်ဖြစ်ပါသည်။

**၉။ အစီရင်ခံခြင်း**

- ရန်ပုံငွေရရှိသည့် အဖွဲ့အစည်းများသည် အတိုချုပ်တိုးတက်မှုမှတ်တမ်း သို့မဟုတ် အကျဉ်းချုပ်အစီရင်ခံစာ တစ်စောင်ကို စီမံကိန်းအကောင်အထည်ဖော်ဆဲကာလတစ်ဝက်တွင် တင်သွင်းရမည်ဖြစ်ပါသည်။
- ရန်ပုံငွေရရှိသည့် အဖွဲ့အစည်းများသည် ဆောင်ရွက်ချက်များပြီးဆုံးပြီးနောက် ၄၅ ရက်အတွင်း ( ဘဏ္ဍာရေးနှင့် အထွေထွေ) အပြီးသတ်အစီရင်ခံစာတို တစ်စောင်ကို တင်သွင်းရပါမည်။ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ် ဘာသာဖြင့်ဖြစ်စေ တင်သွင်းနိုင်ပါသည်။
- အပြီးသတ်အစီရင်ခံစာများ ပြင်ဆင်ရာတွင် UNFPA မှလည်း ပံ့ပိုးပေးနိုင်ပါသည်။
- အဖွဲ့အစည်းအနေနှင့် အနာဂတ်တွင် ဆောင်ရွက်ရန်မျှော်မှန်းသည့် က□များ နှင့်/သို့မဟုတ် စီမံကိန်းကာလ တစ်လျှောက် ဆောင်ရွက်ခဲ့သည်များကို နောက်တစ်ဆင့်မြှင့်တင်ရန်ရှိပါက ဆီလျော်သလို ဖော်ပြသွားရန် တိုက်တွန်းပါသည်။